# လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့် အရေးများအကြောင်း မီဒီယာအလုပ်ရုံဆွေးနွေးပွဲ

ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ )Local Resources Center)သည် လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများအကြောင်း မီဒီယာအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၅ ရက် နှင့်၂၆ ရက်တို့တွင် မန္တလေးမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

မြန်မာ့လူမှုဝန်းကျင်တွင်လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အကြောင်းအရာများပြောဆိုဆွေးနွေးရာတွင် ယဉ်ကျေးမှုအရမပြောသင့်မပြောအပ်သောအရာများအဖြစ်မှတ်ယူနေဆဲဖြစ်ပါသည်။ သို့သော် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာပြဿနာများ၊ စိန်ခေါ်မှုများမှာ လူမှုစီးပွားရေးအဆင့်အတန်း၊ ဘာသာရေး၊ ယဉ်ကျေးမှုတို့နှင့်မသက်ဆိုင်ပဲ ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်လျက်ရှိပါသည်။ ဤသတင်းအချက်အလက်များကို လူထုအကြား သင့်တော်မှန်ကန်သောအသုံးအနှုန်းများဖြင့်အသုံးပြု၍ ရှင်းလင်းတင်ပြတတ်စေရန်၊ တိကျမှန်ကန်စွာ သတင်းဖြန့်ဝေနိုင်စေရန်အတွက်ရည်ရွယ်၍ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ပါသည်။

သင်တန်းကာလ ၂ ရက်အတွင်း ပြည်သူ့ကျန်းမာရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ အဓိကကျသောလိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြဿနာများကိုလေ့လာပြီး လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို မီဒီယာမှတဆင့် မှန်ကန်စွာမျှဝေနိုင်မည့် နည်းလမ်းများကို လေ့လာသင်ယူကြမည်ဖြစ်ပါသည်။ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသတင်းများရေးသား ပေးပို့ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း သင်တန်းသားအချင်းချင်းမျှဝေအဖြေရှာနိုင်မည်ဖြစ်သည်။

သင်တန်းတွင် အပိုင်း ၂ ပိုင်း ပါဝင်မည်ဖြစ်သည်။ ပထမပိုင်းတွင် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့နှင့် ၎င်း၏မိတ်ဘက်အဖွဲ့များမှကျွမ်းကျင်သူများက မြန်မာနိုင်ငံ၏ လိင်မှုဆိုင်ရာနှင့်မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာအခြေအနေများနှင့် ပြဿနာများအကြောင်းကို ရှင်းလင်းပြောကြားပြီး၊

ဒုတိယပိုင်းတွင် သက်ဆိုင်ရာသတင်းများရေးသားထုတ်လုပ်နိုင်ရန် မီဒီယာသင်တန်းဆရာမှဦးဆောင် ကူညီသွားမည်ဖြစ်သည်။ သင်တန်းကာလအတွင်း မြန်မာနိုင်ငံတွင် လိင်မှုဆိုင်ရာနှင့်မျိုးဆက်ပွားကျန်းမာရေးအခွင့်အရေးများနှင့်သက်ဆိုင်သည့်လုပ်ငန်းများဆောင်ရွက်နေသောအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ NGO များနှင့်တက်ရောက်ခွင့်ရသည့် သတင်းစာဆရာ၊ ဆရာမများအကြား ရေရှည်စဉ်ဆက်မပြတ် ဆက်သွယ်နိုင်ရန် ဆက်သွယ်ရေးကွန်ရက်တည်ဆောက်နိုင်မည့် အစီအစဉ်များလည်းပါဝင်မည်ဖြစ်သည်။

လျှောက်ထားနိုင်သူများ

သတင်းစာ၊ အွန်လိုင်းမီဒီယာ၊ တီဗွီအစီအစဉ်နှင့်ရေဒီယိုအစီအစဉ်များတွင် လက်ရှိအလုပ်လုပ်နေသောသတင်းစာဆရာ၊ ဆရာမများလျှောက်ထားနိုင်ပါသည်။ နယ်မှလာရောက်မည့် သတင်းစာဆရာ၊ ဆရာမများအတွက် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှခရီးစားရိတ်နှင့်နေထိုင်စားရိတ်များကျခံပေးမည်ဖြစ်သည်။

လျှောက်လွှာတင်ရန် နောက်ဆုံးရက်မှာ နိုဝင်ဘာလ ၁၇ ရက်နေ့ဖြစ်သည်။

လျှောက်လွှာကို ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ programcoordinator.lrc@gmail.com ဖုန်း ၀၉ ၄၅ ၄၄၄ ၁၉၃၀ သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

# Media Advocacy Workshop on Sexual and Reproductive Health and Rights – Mandalay

Name/အမည် – ------------------------------------------

Gender/လိင် – ကျား ☐ မ ☐ အခြား ☐

Email Address/အီးမေးလ်လိပ်စာ – ------------------------------------------

Phone Number/တယ်လီဖုန်းနံပါတ် – ------------------------------------------

Current Address/လက်ရှိနေရပ်လိပ်စာ – ------------------------------------------

------------------------------------------------------------------------------------

Organization/အဖွဲ့မီဒီယာ – ------------------------------------------

Position/တာဝန် – ------------------------------------------

Work Experience/လုပ်ငန်းအတွေ့အကြုံ (နှစ်/လ)(Year/ Month) – ------------------------------------------

Your Editor's Name/အယ်ဒီတာအမည် – ------------------------------------------

Editor's Phone Number and Email Address/ဖုန်းနံပါတ်/လိပ်စာ – ------------------------------------------

------------------------------------------

Work Sample (News story Links)/ စာမူနမူနာဖော်ပြချက် – ------------------------------------------

------------------------------------------

------------------------------------------

Why you want to join this training? Describe your future plan after this training.

ဆွေးနွေးပွဲတက်လိုသည့်အကြောင်းရင်းနှင့်အနာဂတ်လုပ်ငန်းစဉ် –

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------

----------------------------------------------------------------------